Government of Western Australia
Department of Health
Public and Aboriginal Health Division

# ကျောင်းအခြေခံသည့် ကာကွယ်ဆေးထိုး အစီအစဉ် – မိဘများအတွက် အချက်အလက်များ

## အဘယ်ကြောင့် ကာကွယ်ဆေးထိုးခြင်းသည် အရေးကြီးပါသလဲ။

ကာကွယ်ဆေးထိုးထားခြင်းသည် လူများအား အကြီးအကျယ် နာမကျန်းမှု၊ မသန်စွမ်းမှုနှင့် သေဆုံးမှု တို့ကိုကိုဖြစ်ပွားရန် ကြီးမားသော အန္တရာယ် အလားအလာရှိသည့် ကူးစက်ရောဂါများမှ ကာကွယ်ပေးသည်။ ကာကွယ်ဆေးများသည် အကယ်၍ လူများအနေဖြင့် ပတ်ဝန်းကျင်တွင် ရောဂါနှင့်တဖန် ထိတွေ့လာသည့်အခါ လူများကိုအကာအကွယ်ပေးစေသည့် ကိုယ်ခံစွမ်းအားကို ထုတ်ပေးပါသည်။

ဩစတြေးလျနိုင်ငံတွင် လက်ရှိကာလ၌ ရရှိနိုင်သော ကာကွယ်ဆေးများသည် အတည်ပြုချက်မရရှိမီ တင်းကျပ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးမှုများကို အောင်မြင်ရမည်။ ကာကွယ်ဆေးများကို ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အာနိသင်ထိရောက်မှု အတွက် အစဉ်တစိုက် စောင့်ကြပ် ကြည့်ရှုလျက်ရှိသည်။ ကာကွယ်ဆေး ဘေးကင်းလုံခြုံရေးနှင့် အဖြစ်များပြီး ရှားရှားပါးပါး ဘေးထွက် ဆိုးကျိုးများ အကြောင်းကို ပိုမို၍ ဖတ်ရှုရန် - healthywa.wa.gov.au/immunisation တွင်ကြည့်ရှုပါ။

## ကျောင်းအခြေခံသည့် ကာကွယ်ဆေးထိုး အစီအစဉ်

ဤအစီအစဉ်မှတစ်ဆင့် သင့်ကလေးကို  အောက်ဖော်ပြပါ ရောဂါများကို အကာအကွယ်ပေးရန်အတွက် အခမဲ့ ထိုးပေးပါသည်-

- ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာချောင်းဆိုး- ဆေးတစ်ချောင်း
- ဟူးမင်း ပါပီလိုမာဗိုင်းရပ်စ် (HPV) -ဆေး နှစ်ချောင်း တစ်ချောင်းနှင့်တစ်ချောင်း 6 လ ခြား၍ထိုးရသည်။ အကောင်းဆုံး အကာအကွယ်ရရန်အတွက် သင့်ကလေးသည် ဆေးနှစ်ချောင်းလုံးကို ထိုးရန်အရေးကြီးသည်။

သင့်အနေဖြင့် ဤရောဂါများနှင့် ၄င်းတို့ကို ကာကွယ်ပေးရန် သုံးသည့် ကာကွယ်ဆေးများ အကြောင်းကို ပိုမို၍ ဖတ်ရှုရန် - healthywa.wa.gov.au/immunisation

## သင် ဘာလုပ်ရန် လိုအပ်သည်

ဤကာကွယ်ဆေးထိုး သဘောတူညီချက် စာရွက်စာတမ်းတွင် အချက်အလက်များနှင့် သဘောတူညီချက်ပေးသည့် ပုံစံပါရှိသည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ဦးအဖြစ် သင်သည် အောက်ပါတို့ လုပ်ရန်လိုအပ်သည်-

- အဆိုပြုထားသည့် သဘောတူညီချက် ပုံစံနှင့် ကာကွယ်ဆေး အချက်အလက်စာရွက်ကို အသေအချာ ဖတ်ရှုပြီး အချက်အလက် ပိုမိုသိရှိလိုလျှင် ဝက်ဘ်ဆိုက် healthywa.wa.gov. au/immunisation ကိုကြည့်ရှုပါ သို့မဟုတ် သင့် ကျောင်းသူနာပြုကို ဆက်သွယ်ပါ
- မည်သည့်ကာကွယ်ဆေးများကို သင် သဘောတူညီချက်ပေးကြောင်း ရည်ညွှန်းရန် သဘောတူညီချက် ပုံစံရှိ အနီ သို့မဟုတ် အစိမ်းရောင် အကွက်ကို အမှန်ခြစ်ပါ ယင်းနောက် ပေးထားသည့်ကွက်လပ်တွင် လက်မှတ်ထိုးပါ
- ကာကွယ်ဆေးကြောင့် သင့်ကလေးအပေါ် သက်ရောက်နိုင်သည့် ကျန်းမာရေး ပြဿနာများအကြောင်းနှင့်ပတ်သက်၍ သဘောတူညီချက် ပုံစံ၌ အချက်အလက်ဖော်ပြပါ
- ဖြည့်စွက်ပြီးသည့် ပုံစံကို ကျောင်းသို့ ပြန်ပို့ပေးပါ၊ **ကာကွယ်ဆေးကို သင် ငြင်းဆိုသည့်တိုင်အောင် ပြန်ပို့ပေးပါ။**

အကယ်၍ သင် ထပ်ဆင့် အချက်အလက်လိုအပ်လျှင် သူနာပြုသည် သင့်အား ဆက်သွယ်နိုင်ပါသည်။

**ပုံစံဖြည့်ပြီး လက်မှတ်ရေးထိုးထားသည့် ကျောင်းသူကျောင်းသားများကိုသာ ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။**

အကယ်၍ သင့်ကလေးသည် အဆိုပါနေ့၌ ကာကွယ်ဆေး မထိုးခဲ့ရလျှင် သင့်အား အကြောင်းကြားပေးပြီး အခြားနည်း ကာကွယ်ဆေးထိုးရန် နည်းလမ်းများကို ပေးပါမည်။

## သင့်ကလေး ကာကွယ်ဆေး မထိုးမီ

အအေးမိပြီး အဖျား အနည်းငယ်တက်သည်ကဲ့သို့ ပျော့ပြီး အဖြစ်များသည့် နာမကျန်းမှုကြောင့် ကာကွယ်ဆေးထိုးရန် မရွှေ့ဆိုင်းသင့်ပါ။ သို့သော်လည်း အချို့ကိစ္စများ၌ ရှိနေဆဲ ရောဂါတစ်ခုခုကြောင့် ကာကွယ်ဆေးထိုးရန်ကို ဆိုင်းငံ့ရန် သို့မဟုတ် ရွှေ့ဆိုင်းထားရန် တိုက်တွန်းပါသည်။ သင့်ကလေးတွင် အောက်ပါတို့ရှိလျှင် ကာကွယ်ဆေးထိုး သူနာပြု သို့မဟုတ် ကျောင်းကို အသိပေးပါ-

- ယခင် ကာကွယ်ဆေးတစ်ခုခုထိုးပြီးနောက် ပြင်းထန်သည့် ဓါတ်မတည့်မှု ရှိခဲ့သည်
- ကာကွယ်ဆေးထိုးရန် မတိုက်တွန်းသည့် ပြင်းထန်သော ဓါတ်မတည့်မှု ရာဇဝင်ရှိခဲ့သည်
- လွန်ခဲ့သည့် တစ်လအတွင်း ပိုးအရှင်ပါရှိသည့် ကာကွယ်ဆေးကို ထိုးခဲ့သည် (ဥပမာ- အဆုတ်ရောဂါ၊ ဝက်သက်၊ ငန်းဝါ အဖျားရောဂါ)
- လွန်ခဲ့သည့် သုံးလအတွင်း ကိုယ်ခံစွမ်းအားဓါတ်တစ်မျိုး (immunoglobulin) ကိုထိုးခဲ့သည် သို့မဟုတ် သွေးသွင်းခဲ့သည်
- ကိုယ်ခံစွမ်းအားကို နိမ့်ချစေသော ရောဂါတစ်ခုရှိသည် (ဥပမာ- သွေးကင်ဆာ၊ ကင်ဆာ၊ HIV/AIDS) သို့မဟုတ် ကိုယ်ခံစွမ်းအားကို နိမ့်ချစေသော ကုသမှုကိုယူနေသည် (ဥပမာ- ဟိုက်ဒရိုကောတီဆုန်း၊ အိုပရီနီစလုံး၊ ဓါတ်ကင်ကုသမှု၊ ဆေးသွင်းကုသမှုကဲ့သို့ စတီးရွိုက်ဆေးများ)
- ကိုယ်ခံစွမ်းအား နိမ့်ကျစေသော ရောဂါရှိသူ သို့မဟုတ် ကိုယ်ခံစွမ်းအား နိမ့်ကျစေသော ကုသမှုကိုယူနေသူ တစ်စုံတစ်ဦးနှင့် အတူနေထိုင်သည်
- ကာကွယ်ဆေးထိုးမည့်အချိန်၌ နေထိုင်မကောင်းဖြစ်နေသည်

## ကာကွယ်ဆေးထိုးပြီးနောက် စောင့်ရှောက်မှု

ဆေးထိုးအပ် ထိုးသည့်အရာတွင် နီရဲပြီးရောင်နေနိုင်သည် – အေး၍စိုစွတ်သော အဝတ်ကိုဖုံးပေးပါ။

အချို့သော နာကျင်မှု၊ အဖျား ခေါင်းကိုက် သို့မဟုတ် ပင်ပန်းနွမ်းနယ်မှု ရှိကောင်းရှိနိုင်သည်။ ခေါင်းကိုက်နှင့်နာကျင်မှုအတွက် ပါရာစီတာမောကို ကဗည်းစာတန်း ညွှန်ကြားသည့်အတိုင်း သောက်ပါ။ အကယ်၍ အဖျား ဆက်တိုက်ရှိနေလျှင် ဆရာဝန်နှင့်ပြသပါ။

ကာကွယ်ဆေးအပေါ် အဖြစ်များသည့် ဘေးထွက်ဆိုးကျိုးများနှင့် ရှားရှားပါးပါး ဘေးထွက်ဆိုးကျိုးများနှင့်ပတ်သက်သည့် အချက်အလက်ပို အတွက် healthywa.wa.gov.au/immunisation တွင်ကြည့်ရှုပါ။

အကယ်၍ သင် ထင်မြင်သော ပြင်းထန်သည့် သို့မဟုတ် မမျှော်လင့်ပဲဖြစ်သည့် ဓာတ်မတည့်မှု တစ်ခုရှိလျှင် ချက်ချင်း ဆေးဖက်ဆိုင်ရာ အကြံဉာဏ် ရယူပါ။

အနောက် ဩစတြေးလျပြည်နယ်ရှိ ကာကွယ်ဆေးထိုးပေးသူများအားလုံးသည် ကာကွယ်ဆေးထိုးပေးပြီးနောက် တန်ပြန်ဓာတ်မတည့်မှုကို ဥပဒေအရ သတင်းပို့ရသည်။ ကာကွယ်ဆေးထိုးပြီးနောက် ပြင်းထန်သည့် ဓါတ်မတည့်မှု တစ်ခုခုနှင့်ပတ်သက်၍ စိုးရိမ်မှုများကိုလည်း မိဘများအနေဖြင့် အွန်လိုင်း wavvs.health.wa.gov.au ဖြင့်ဖြစ်စေ သို့မဟုတ် ဗဟို ကာကွယ်ဆေးထိုး ဆေးခန်းကို ဖုန်း 9321 1312 ဖြင့်ခေါ်ခြင်းဖြင့်ဖြစ်စေ သတင်းပို့နိုင်ပါသည်။

## ကာကွယ်ဆေးထိုး မှတ်တမ်းများ

ကာကွယ်ဆေးထိုးပြီးနောက် ကျောင်းသူကျောင်းသားများသည် သူတို့ထိုးသည့် ကာကွယ်ဆေး မှတ်တမ်းကို လက်ခံရရှိပါမည်။

ကျောင်းအခြေခံသည့်အစီအစဉ်မှတစ်ဆင့် ထိုးပေးသည့် ကာကွယ်ဆေး အားလုံးကို ဩစတြေးလျန်း ကာကွယ်ဆေးထိုး မှတ်ပုံတင် (AIR) တွင် မှတ်တမ်းတင်ထားပါသည်။

ထပ်ဆင့်၍ HPV ကာကွယ်ဆေးထိုးပေးခြင်းများကို အမျိုးသား HPV မှတ်ပုံတင်တွင် မှတ်တမ်းတင်ထားသည်- hpvregister.org.au

## ဆက်သွယ်ရမည့်သူများ

**ဗဟို ကာကွယ်ဆေးထိုး ဆေးခန်း (Central Immunisation Clinic)**

ဖုန်း- 9321 1312 နံနက် 8.30 နာရီ– ညနေ 4.30 နာရီ တနင်္လာမှ သောကြာ

**သင့်ဒေသ ဆရာဝန်**

**သင့် ဒေသတွင်း အသိုင်းအဝိုင်း ကျန်းမာရေး စင်တာ၊ ဆေးရုံ သို့မဟုတ် အများပြည်သူ ကျန်းမာရေး ဌာန**

healthywa.wa.gov.au/publichealthunits

*healthdirect Australia*

ဖုန်း- 1800 022 222

## *ပိုမိုသော အချက်အလက်များ*

**ကျန်းမာရေး ဌာန [Department of Health]**

healthywa.wa.gov.au/immunisation

**Immunise Australia Program**

1800 671 811 သို့မဟုတ် immunise.health.gov.au

HealthyWA
healthywa.wa.gov.au

ဤစာရွက်စာတမ်းကို မသန်မစွမ်းဖြစ်မှုရှိသူအတွက် တောင်းဆိုလျှင် အခြားသော ရေးသားပုံစံများဖြင့် လုပ်ပေးနိုင်ပါသည်။

ကူးစက်တတ်သောရောဂါ ထိန်းချုပ်ရေး ညွှန်ကြားရေးမှူးရုံး
© ကျန်းမာရေးဦးစီး ဌာန 2020 ခုနှစ်

ဤစာမှတ်စာတမ်း၏ မူပိုင်ခွင့်ကို အခြားနည်း ညွှန်းထားသည်မဟုတ်လျှင် အနောက်ဩစတြေးလျပြည်နယ်၌ မူပိုင်ခွင့်ထားရှိသည်။ မူပိုင်ခွင့် အက်ဥပဒေ 1968 ခုနှစ် (*Copyright Act 1968*)ပြဌာန်းချက်အရ ခွင့်ပြုထားသည့်အတိုင်း ပုဂ္ဂလိကလေ့လာမှု၊ သုတေသန၊ ဝေဖန်ရေး သို့မဟုတ် ပြန်လည်သုံးသပ်ရေး ကိစ္စများအတွက် သာနာမျှတသော လုပ်ကိုင်မှုမှအပ၊ မည်သည့် အစိတ်အပိုင်းကိုမျှ မည်သည့်ရည်ရွယ်ချက်အတွက်မဆို အနောက်ဩစတြေးလျပြည်နယ်၏ စာဖြင့်ခွင့်ပြုချက်မရှိဘဲ ပြန်လည် ထုတ်ဝေမှု သို့မဟုတ် ပြန်အသုံးချမှု မလုပ်နိုင်ပါ။

IMM-013031 JUN'19